၁။ **နိဒါန်း။** ကျောက်ထုတ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-ခုနှစ်တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာရှိ ဧရိယာ(၅၅)ဧကအား မြေစာရင်းပုံစံ(၁၀၅/၁၀၆) ကို ရေးဆွဲခဲ့ကာ ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အမှုတွဲတင်ပြခဲ့ပါသည်။ (၁၁. ၂. ၂၀၁၆)ရက် နေ့စွဲပါစာအမှတ်၊ ၁၉၂၄/၀ဖရ-၅/လခက(၃)/ မမ/၂၀၁၆ ဖြင့် သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ သဘောထားမှတ်ချက်ရရှိခဲ့ပြီး မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရရှိခဲ့ပါသည်။ ၂၀၁၆-ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ လုပ်ငန်းခွင်ပြင်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းလိုင်စင်ခွင့်ပြုချက် ရရှိရေးအတွက်ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ခုနှစ် (၃၀-၆-၂၀၁၇)ထိ လုပ်ငန်းလိုင်စင်ရရှိခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် လျာထားကျောက်ကျင်း(၂၀၀၀)အား (၁)ကျင်းလျှင် (၂၅၀ဝိ/-)ကျပ်နှုန်းဖြင့် ခေတ်သတ္တုလိုင်စင်ကြေး ကျပ်သိန်း(၅၀၀၀၀၀ဝိ/-)အား အခွန်ငွေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

၂။ **တည်နေရာ။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာအုပ်စု၊ လူလေအပြင်ကွင်း၊ အကွက်အမှတ်(၉၄)၊ ကျန်အခြားမြေဧရိယာ(၅၅)ဧကအနက်မှ ထုတ်နုတ်(၂. ၀)ဧကတွင် လမ်းခင်း ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည့် **ဦးမောင်မောင်** မှ တင်ပြသော မိသားစုတစ်ပိုင်တစ်နိုင် ကျောက်ထုတ်လုပ်ငန်း၏ Stand-alone Environmental Management Plan **" သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် "** ဖြစ်ပါသည်။

၃။ **လုပ်ငန်းရည်ရွယ်ချက်။** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ပြည်နယ်/ခရိုင်/မြို့နယ်နှင့်ကျေးလက်ဒေသအတွင်းရှိ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အထပ်မြင့်အဆောက်အဦးများ၊ လမ်း(ကားလမ်း/ရထားလမ်း)၊ တံတား၊ လေယာဉ်ကွင်း၊ ဆည်မြောင်းတာတမံများနှင့် သာသနိကအဆောက်အဦး(စေတီ/ပုထိုး/ ကျောင်း/ကန်/ဇရပ်/ဓမ္မာရုံ)များ တည်ဆောက်ရေးလုပ်ငန်းများ၌ အမျိုးအစားမှန်ကန်၍ ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရန်။

(ခ) ပြည်နယ်/ခရိုင်/မြို့နယ်၏ ဓါတ်သတ္တုအခွန်ဘဏ္ဍာငွေများ ပိုမိုရရှိလာစေရန်။

(ဂ) ဒေသခံကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကျန်းမာရေး ပညာရေး၊ ဖွံ့ဖြိုးမှုအထောက်အကူများ ဆောင်ရွက်ပေးနိုင်ရန်။

(ဃ) သဘာဝပတ်ဝန်းကျင်အား သိသာစွာထိခိုက်မှုမရှိစေရေးအတွက် (Stand - alone Environmental Management Plan " သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးစီမံချက်") ရေးဆွဲဆောင်ရွက်ရန်။

၄။ <u>မြေနေရာအခြေအနေ။</u> ကျောက်ထုတ်လုပ်ငန်းလုပ်ကွက်သည် ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ် ကျေးရွာအုပ်စု၊ ကျိုက်ထို-သိမ်ဇရပ် ကားလမ်းမကြီး၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာ၊ မိုင်တိုင်အမှတ်(၈၅/၂) အနီးတွင်တည်ရှိပြီး ကျိုက်ထိုဘက်သို့(၂၅)မိုင်ခန့်အကွာ၊ သိမ်ဇရပ်ကျေးရွာသို့(၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ လုပ်ငန်းခွင်နှင့်နယ်နိမိတ်ထိစပ်နေသူများမှာ အရှေ့ဘက်၌ ဦးလှစိုး ၏ခြံမြေ၊ တောင်ဘက်၌ ဦးနေလင်းစိုး ၏ခြံမြေ၊ အနောက်ဘက်၌ ဦးရွှေသောင်း ၏ခြံမြေနှင့် မြောက်ဘက်၌ ဦးအောင်မင်း ၏ခြံမြေများ တည်ရှိပါသည်။

၅။ <u>လုပ်ငန်းခွင်အခြေအနေ။</u> ကျောက်ထုတ်လုပ်ငန်းကို အလျား(၁၀၀)ပေခန့်၊ အနံ(၂၀)ပေခန့် အတွင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်သူ(မန်နေဂျာ)တစ်ဦး၊ ယာဉ်မောင်း(၄)ဦး၊ စက်မောင်း(၅)ဦး၊ ဂမ်းထိုး/မိုင်းခွဲကျွမ်းကျင်သူ(၁)ဦး၊ ကျောက်ထုလုပ်သား(၅)ဦး၊ ကျောက်ခွဲစက်လုပ်သား(၇)ဦး(ကျား-၅+ မ-၂)ဦး စုစုပေါင်း(၂၂)ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောက်စုပုံကွင်းအတွက် မြေနေရာ(၂)ကေရှိပြီး ကုန်ထုတ်လမ်းကို ကျိုက်ထို-သိမ်ဇရပ် ချဉ်းကပ်လမ်းအား အသုံးပြုသွားမည်ဖြစ်ပါသည်။ လုပ်သားများ နေထိုင်မည့်နေအိမ်တန်းလျား၊ စက်ပစ္စည်းများနေရာ၊ ကွပ်ကဲမှုရုံး/ ရှင်းလင်းဆောင်၊ ရေ/မီး/မိလ္လာနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ နေရာချထားမှုအတွက် မြေနေရာလုံလောက်မှုရှိပါသည်။ လုပ်ငန်းခွင်တောင်နံရံမှာ အမြင့်ပေ(၁၀')အတွင်း၌သာရှိခြင်း၊ တောင်နံရံပြိုကျနိုင်သော မြေသားဖွဲ့စည်းမှုမရှိခြင်း၊ တောင်မြေတွင် သဘာဝခြုံနွယ်နှင့် ဝါးပင်များသာပေါက်ရောက်နေခြင်း၊ လုပ်ငန်းခွင်၏ပတ်ဝန်းကျင်တွင် လေကာပင်၊ အရိပ်ရ ပင်များ၊ ဝါးပင်များပေါက်ရောက်နေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိ၍ လုပ်ငန်းခွင်အကြပ် အတည်းကြောင့် ပေါ်ပေါက်လာမည့် အန္တရာယ်မရှိပါ။ လုပ်ငန်းခွင်အတွင်း၌ အောက်ပါဖော်ပြပါအတိုင်း စီမံထားရှိပါသည်-

(က) <u>ဂမ်းထိုး/မိုင်းခွဲ/ကျောက်ထုလုပ်ငန်း။</u> အလုပ်ချိန်နံနက်(၀၆း၀၀)နာရီမှ (၁၀း၀၀) နာရီအထိ နှင့် ညနေ(၁၄း၀၀)နာရီမှ(၁၈း၀၀)နာရီအထိဖြစ်ပြီး အလုပ်ချိန်အတွင်း၌ လုပ်ငန်းခွင်ပင်ပန်းနွမ်းနယ်မှုအပေါ် မူတည်၍ ခေတ္တအနားပေးစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် လိုအပ်သလိုအနားပေးခြင်းအပြင် အရိပ်ရပင်၊ လေကာပင်များ ရှိခြင်း၊ သောက်သုံးရေ၊ အိမ်သာလုံလောက်စွာ ရှိနေသဖြင့် လုပ်ငန်းခွင်၏ ပင်ပန်းမှုကြောင့် ပေါ်ပေါက်လာနိုင်သော အန္တရာယ်မရှိပါ။

(ခ) **<u>လုပ်ငန်းခွင်သုံးစက်ကိရိယာများ။</u>** ယန္တရားမောင်းနှင့်လေမှုတ်စက်၊ ဂမ်းထိုးစက်၊ မီးစက်တို့ကို ကိုင်တွယ်သုံးစွဲသူများသည် ကျွမ်းကျင်သူများဖြစ်ကြသဖြင့် စက်ကိရိယာများကို မကျွမ်းကျင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်မရှိစေရန်ဆောင်ရွက်သွားပါသည်။

(ဂ) **<u>ကျောက်မိုင်းခွဲချိန်။</u>** နံနက်ပိုင်း(၁၁း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းနှင့် ညနေပိုင်း(၁၇း၀၀)နာရီမှ (၁၈း၀၀)နာရီအတွင်း သတ်မှတ်ပြီး မိုင်းမခွဲမီ ရှေ့နောက်ဝဲယာကိုက်(၃၀၀)အတွင်း၌ လက်ကိုင်အသံချဲ့စက်ဖြင့် ကြိုတင်နှိုးဆော်အသိပေးခြင်း၊ ဘေးအန္တရာယ်မဖြစ်နိုင်စေရန် ယမ်းအားကို(အနည်းဆုံး)သုံးစွဲခြင်း၊"လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဦးစားပေးပါ" Safety First သတိပေးဆိုင်းဘုတ်များထားရှိ ဆောင်ရွက်သွားပါသည်။

(ဃ) **<u>လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ပွန်းပဲ့ဒဏ်ရာရရှိမှု။</u>** ရှေ့ဦးသူနာပြုစုစောင့်ရှောက်နိုင်ရန်အတွက် အရေးပေါ်သုံးဆေးသေတ္တာတစ်လုံးကို ဆေးပစ္စည်းများနှင့်အတူ အသင့်ထားရှိပြီး တာဝန်ရှိသူများ၊ ကြီးကြပ်သူများကို ရှေ့ဦးသူနာပြုဆိုင်ရာ ဗဟုသုတများ လေ့ကျင့်သင်ကြားပေးသွားပါသည်။

(င) **<u>အရေးပေါ်ထိခိုက်မှု။</u>** ကျေးရွာဆေးပေးခန်း (သို့မဟုတ်) မြို့ပေါ်ရှိဆေးရုံများသို့ ကျေးရွာရှိလူနာတင်ယာဉ်ဖြင့် ပို့ဆောင်ကုသနိုင်ပါသည်။

၆။ **<u>လုပ်ငန်းခွင်အတွင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ခြင်းများ။</u>** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) **<u>ကျောက်ထုတ်လုပ်ငန်း(တာဝန်ချိန်)</u>**

(၁) လုပ်ငန်းချိန်အတွင်း၌ အသုံးပြုသည့် ယန္တရားနှင့် လေမှုတ်စက်၊ ဂမ်းထိုးစက်၊ မီးစက်စသည့်ပစ္စည်းများကို တာဝန်ပေးထားသည့် ကျွမ်းကျင်သူမှတပါး မည်သူ့ကိုမျှ ကိုင်တွယ်ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါသည်။

(၂) လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ ကြီးကြပ်သူ/တာဝန်ခံများက ကွင်းဆင်းစစ်ဆေးခြင်း၊ လိုအပ်သည်များပြင်ဆင်ခြင်း၊ မြေပြင်ကျောက်သား ကွဲအက်နေမှုရှိမရှိ စစ်ဆေးခြင်း ပြုလုပ်ပြီးမှ လုပ်ငန်းခွင်သို့ ဝင်ရောက်စေပါသည်။

(၃) ကျောက်မိုင်းခွဲရန် ဂမ်းထိုးခြင်း၊ ကျောက်ကော်ကလန့်ခြင်းအတွက် မြေပြင်မှ (၅)ပေ/(၁၀)ပေ/(၁၅)ပေ စသည့်အမြင့်များ၌ အလုပ်လုပ်ကိုင်ရာတွင် လုံခြုံရေးကြိုးဖြင့် ချည်နှောင်သုံးစွဲစေပါသည်။ ကျောက်ထုလုပ်သားများအတွက် လုံခြုံမှုရှိသည့် နေရာတွင်သာ ဆောင်ရွက်စေပါသည်။

(၄) လုပ်ငန်းခွင်ဧရိယာအတွင်းသို့ ပြင်ပမှ လူ/ယာဉ်/တိရစ္ဆာန်များစသည်ဖြင့် ဝင်ရောက်ခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်စေပါသည်။

(ခ) **<u>ကျောက်မျိုးစုံတင်ဆောင်ခြင်း၊ သယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်း</u>**

(၁) ကျောက်မျိုးစုံကို ယာဉ်ပေါ်သို့ တင်ဆောင်ရာ၌ ဘေးအန္တရာယ်ထိခိုက်မှုမရှိစေရန် ကြီးကြပ်သူမှ အနီးကပ်ကြပ်မတ်ပေးပါသည်။

(၂) ကျောက်သယ်ယာဉ်များ နောက်ဆုတ်ခြင်း၊ ဖြတ်သန်းသွားလာခြင်းတွင် အန္တရာယ်မရှိစေရန် ကြီးကြပ်သူမှ ကြပ်မတ်ပေးပါသည်။

(၃) ကျောက်ခွဲစက်လုပ်ငန်းဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦးထိခိုက်မှုမရှိစေရန် ကြီးကြပ်သူမှ အနီးကပ်ကြီးကြပ်ခြင်း သတိပေးနှိုးဆော်ခြင်း ဆောင်ရွက်ပေးပါသည်။

(၄) ကျောက်ခွဲစက်၌ ကျောက်မှုန့်များလွင့်၍ အသက်ရှူအင်္ဂါများ မထိခိုက်စေရန် ရေဖျန်းပေးခြင်း၊ နှာခေါင်း/ပါးစပ်ကို(Mask)အစွပ်ဖြင့် ဆောင်ရွက်စေပါသည်။

(ဂ) **<u>သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်းများ</u>**

(၁) **<u>အသံ။</u>** မိုင်းခွဲခြင်းအတွက် အကြိမ်ရေနည်းနည်းဖြင့် (၁)နေ့လျှင်(၂)ကြိမ်ခွဲစေခြင်း၊ ကျောက်သားပြိုကျကွဲအက်စေသည့်အဆင့်၏ ယမ်းအချိုးအစားပမာဏကိုသာ သုံးစွဲခြင်းဆောင်ရွက်သဖြင့် ကျယ်လောင်သည့်အသံဖြစ်ပေါ်မှုမရှိနိုင်ပါ။ လွန်ဖောက်ရန် အင်ဂျင်စက်နှိုးခြင်းအတွက် ပါဝါအိတ်ဇောများဖြင့် တပ်ဆင်သုံးစွဲပါသည်။ ကျောက်ခွဲစက်လုပ်ငန်းဆောင်ရွက်လျှင် ညအချိန်ဆောင်ရွက်ခြင်းမရှိစေပါ။

(၂) **<u>စွန့်ပစ်ပစ္စည်း။</u>** အပေါ်ယံမြေလွှာများနှင့်တောင်မြေများကို ကျင်းချိုင့်များသို့ဖို့၍ သစ်ပင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပါမည်။အင်ဂျင်ဝိုင်စသည့်စက်သုံးဆီများကို ရေနံကြီး နှင့်ရောနှော၍ နေအိမ်၊ ထရံ/အကာများ၌ သုတ်လိမ်းပါမည်။ ရွံ့ရေစသည့် အညစ် အကြေးများ သိသာထင်ရှားစွာ မထွက်ရှိနိုင်ပါ။ လုပ်ငန်းခွင်မှ ကျောက်မှုန့်/မြေမှုန့်များအား ရေနှင့်ရောနှော၍ စီးဆင်းမှုမရှိစေရန် နှုန်းစစ်ကန်(၂ဆင့်)ထားရှိသွားပါသည်။

(၃) **<u>ပတ်ဝန်းကျင်လေထု။</u>** ကျောက်ခွဲစက်လုပ်ငန်းမှ ဖုန်မှုန့်ထွက်ရှိမှု နည်းပါးစေရန် ရေဖျန်းစနစ်ဖြင့်ဆောင်ရွက်ခြင်း၊လေကာပင်၊အရိပ်ရပင်များစိုက်ပျိုးသွားမည်ဖြစ်၍ ထွက်ရှိသည့်ဖုန်မှုန့်များသည် ပတ်ဝန်းကျင်ကို သိသာစွာထိခိုက်စေခြင်းမရှိစေနိုင်ပါ။

(၄) **<u>ရေထု ။</u>** မြေအောက်ရေအဖြစ်ပေ(၁၀၀)နှင့်အထက်တွင် အဝီစိတွင်းတူးလျှင် ရေထွက်ရှိနိုင်ပြီး လက်ရှိမြေပေါ်ရေအဖြစ် တောင်ခြေရှိပေ(၁၀၀)ကွာဝေးသည့် ရေကန်မှ နေ့စဉ်လုပ်သား(၂၂)ယောက်၏မိသားစု(၆၅)ယောက်အတွက် လုံလောက်မှုရှိပါသည်။ လွယ်ကူစွာ ခပ်ယူသုံးစွဲနိုင်၍ ရေထုအားသိသာစွာထိခိုက်စေမှုမရှိပါ။

(၅) **<u>တောတောင်အခြေအနေ။</u>** လုပ်ငန်းခွင်၏ဘေးပတ်လည်တွင် (**ဇီးပြုတ်ခြမ်း၊ ရှန်းပင်၊ ဒညင်းပင်၊ သံပေသံစပ်ပင်၊ အနန်းဘို၊ တောသပြေ၊ မြရာ၊ ကြောင်ရှာ၊ ဖက်သန်း၊ လက်ပန်ပင်၊ သဖန်းပင်၊ သစ်ချပင်၊ ကင်ပွန်းပင်၊ နဘူးနွယ်ပင်၊ မရမ်းပင်၊ တောဇီးခြုံ၊ ကြက်တက်နွယ်၊ မြားနတ်ခြုံ၊ ခွေးလေးယား၊ ပိစပ်ခြုံ၊ ဇိမ်၊ ဝါး စသည်**) ခြုံပင်၊နွယ်ပင်၊ထင်းပင်များပေါက်ရောက်နေသဖြင့် သဘာဝ ပတ်ဝန်းကျင်ကို သိသာစွာထိခိုက်စေမှုမရှိစေပါ။

(၆) **<u>ဇီဝမျိုးကွဲများအခြေအနေ။</u>** တောင်မြေအတွင်းရှိ ခြုံပင်နွယ်ပင်ထင်းပင်၊ ဝါးပင် များနှင့် လေကာပင်၊ အရိပ်ရပင်များအတွင်း၌ (**စာကလေး၊ ဇရက်၊ စွန်၊ သိမ်းငှက်၊ ဇီးကွက်၊ ပိုးဝလုံ၊ ဝါးတောင်းငှက်၊ ငုံး၊ ဘုတ်၊ ချိုး၊ လိပ်ပြာနှင့် တွားသွားသတ္တဝါ များဖြစ်ကြသော မြွေ၊ ကင်း၊ ဖား၊ တောကြောင်၊ တောကြက်၊ မြွေပါ၊ ရှဉ့်၊ ကြွက်၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပုရစ်၊ ခြ၊ ပုရွက်ဆိတ်၊ ခါချဉ် စသည်**) ဇီဝမျိုးကွဲများနေထိုင်ကျက်စားနိုင်သဖြင့် ဂေဟစနစ်ကို ပျက်ဆီးဆုံးရှုံးစေမှုမရှိပါ။

(၇) **<u>လူမှုပတ်ဝန်းကျင်အခြေအနေ။</u>** ကျောက်ထုတ်လုပ်ငန်းသည်ကားလမ်းနှင့် (၅)မိုင်ခန့်အကွာတွင်လည်းကောင်း၊ ကျောက်ခွဲစက်လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် ကားလမ်းနှင့် (၆၀၀-ပေ)ခန့်အကွာတွင် လည်းကောင်း၊ ကျေးရွာအိမ်ခြေအနီးဆုံးနှင့် (၃)မိုင်ခန့်အကွာတွင်လည်းကောင်း တည်ရှိသဖြင့် အသံ/အမှုန့်များ ထိခိုက်မှုမရှိပါ။ လုပ်ငန်းနေရာသည် ကျေးရွာမြေ၊ နေအိမ်၊ ခြံများနှင့်ကင်းလွတ်သည့် နေရာဖြစ်ပါသည်။

၇။ **<u>အကျဉ်းချုပ်အစီရင်ခံစာ၏အပိုင်း။(Chapter)အလိုက်အဓိကအချက်များ</u>**

(က) ကျောက်ထုတ်လုပ်ငန်း(တာဝန်ခံချိန်)။

(ခ) ကျောက်မျိုးစုံတင်ဆောင်ခြင်း၊ သယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်း။

(ဂ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်းများ။

၈။ <u>လုပ်ငန်းခွင်အကြောင်းအရာဖော်ပြချက်</u>

(က) <u>လုပ်ငန်းခွင်၏တည်နေရာ။</u> မွန်ပြည်နယ် သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ။

(ခ) <u>လုပ်ငန်းခွင်၏ မြေနေရာအကျယ်အဝန်း။</u> (၅၅)ဧကမှ ထုတ်နုတ်(၂. ၀)ဧက။

(ဂ) <u>အဆောက်အဦးအရေအတွက်။</u> (၁) ကွပ်ကဲမှုရုံးနှင့်ရှင်းလင်းဆောင်၊ (၂) မီးစက်ရုံ၊ (၃) ကွန်ပရက်ဆာ(လေမှုတ်စက်)ရုံ၊ (၄) ပစ္စည်းစတိုး၊ (၅) အလုပ်သမား(၄)ခန်းတွဲ(၄)လုံး၊ (၆) အများသုံးအိမ်သာ(၅)လုံးနှင့် ရေတွင်း(၁)တွင်း(၄-ပေ×၂၀-ပေ)၊ ရေကန်(၁)ခု (၁၀-ပေ×၁၀-ပေ×၁၉-ပေ)၊ အညစ်အကြေးစွန့်(၁)ကျင်းတို့ရှိပါသည်။

(ဃ) <u>မြေအောက်ရေနှင့်အကွာအဝေး။</u> (Ground Water Level)(၁၀၀)ပေနှင့်အထက်။

(င) <u>သုံးစွဲမည့်ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ။</u> (ကန့်+ယမ်းစိမ်း+မီးသွေး) (၁း၄း၃)ဖြင့် ရောစပ်သုံးစွဲပါသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ လုပ်ငန်းသုံးယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲခွင့်ရရှိနိုင်ရန် လျှောက်ထားဆဲဖြစ်ပါသည်။

(စ) <u>လုပ်ငန်းခွင်၌လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်</u>

(၁) မိုင်းခေါင်း/အပေါ်ယံမြေရှင်းလင်းခြင်း (၂-ပေမှ ၅-ပေအတွင်း)။

(၂) ကျောက်အပြာကြော တူးဖော်ခြင်း (၁၀-ပေမှ ၃၀-ပေအတွင်း)။

(ဆ) <u>အသုံးပြုမည့်စက်ယန္တရားအင်အား</u>

(၁) ဘက်ဟိုး(၁)စီး ။

(၂) ကျောက်ဖောက်စက်(လေမှုတ်စက်)(၂)လုံး/လက်ထိုးဂမ်း(၂)စုံ ။

(၃) ကျောက်ခွဲစက်(၁)စုံ။

(ဇ) <u>အသုံးပြုမည့်လုပ်သားအရေအတွက်</u>

(၁) မန်နေဂျာ(၁)ဦး ။

(၂) ယာဉ်မောင်း(၄)ဦး/စက်မောင်း(၅)ဦး ။

(၃) ဂမ်းထိုး(၁)ဦး ။

(၄) ကျောက်ထု(၅)ဦး ။

(၅) ကျောက်ခွဲစက်လုပ်သား (၇)ဦး၊ စုစုပေါင်းလုပ်သား(၂၂)ဦး ။

(ဈ) <u>တစ်ရက်အလုပ်ချိန်(၈)နာရီ။</u> မနက်(၀၇း၀၀)နာရီမှ နံနက်(၁၁း၀၀)နာရီအထိ၊ ညနေ(၁၃း၀၀)နာရီမှ (၁၇း၀၀)နာရီအထိ။ နွေရာသီတွင် ရာသီဥတုပူပြင်းမှုအပေါ် မူတည်၍ လိုအပ်သလို အနားပေးသည့်စနစ်ဖြင့် ဆောင်ရွက်သွားပါမည်။

(ည) <u>ထုတ်လုပ်မည့်ထုတ်ကုန်နှင့်ထွက်ရှိမှု။</u> (၆×၉)ကျောက်ကြီး(သို့မဟုတ်) (၂×၄) ကျောက်ကြီး (တစ်နှစ်လျှာထားချက်)အရ ကျောက်ကျင်း(၂၀၀၀)အထိ ။

(ဈေးကွက်ရရှိမှုအပေါ် မူတည်၍ထုတ်လုပ်သွားပါမည်။)

(ဋ) <u>တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့်ရယူသုံးစွဲမည့်ရေအရင်းအမြစ်။</u> လုပ်ငန်းခွင်မိသားစု (၂၂)ဦးအတွက် တစ်ဦးလျှင်(၂၀)ဂါလံနှုန်းဖြင့် တစ်ရက်လျှင်(၄၄၀)ဂါလံ။ တစ်လလျှင် (၁၃၂၀၀)ဂါလံ၊ တစ်နှစ်လျှင်(၁၅၈၄၀၀)ဂါလံဖြစ်ပါမည်။ တစ်နှစ်လျှင် နွေရာသီ၌(၂/၃)လ ခန့်၌ (အယ်နီညို)ရာသီဥတုဖောက်ပြန်ခြင်းရှိလျှင် ရေကားဖြင့်ရေသယ်ယူ၍ ဖြန့်ဝေပေးပါသည်။

(၄) **တစ်နှစ်အတွက်လောင်စာဆီလိုအပ်ချက်။** တစ်ရက်လျှင်ဒီဇယ်ဆီ(၁၀၀)ဂါလံနှုန်းဖြင့် တစ်လ၌ လုပ်ငန်းဆောင်ရွက်သည့်(၂၀)ရက်အတွက် (၂၀၀၀)ဂါလံ×(၁၂)လအတွက် (၂၄၀၀၀)ဂါလံခန့် သုံးစွဲပါသည်။

(၃) **အဆိုပြုလုပ်ငန်းဆောင်ရွက်မှုကြောင့်ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း(အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့)/အမျိုးစား/ပမာဏ**

(၁) **အစိုင်အခဲ ။** အပေါ်ယံမြေလွှာ/တောင်မြေများကို ဖယ်ရှားပြီးလုပ်ကွက် (အဟောင်းနေရာ)၌ မြေဖို့ခြင်း၊ လိုအပ်သော ကျေးရွာလမ်း/နေအိမ်ရှေ့၌ မြေဖို့ခြင်း အတွက် သုံးစွဲပါမည်။

(၂) **အရည် ။** စက်သုံးဆီ(အင်ဂျင်ဝိုင်)ကို စွန့်ပစ်ပစ္စည်းအဖြစ် ရေနံချေးနှင့်ရော၍ နေအိမ်/တိုင်ခြေ/ထရံများတွင် သုတ်လိမ်းပါမည်။

(၃) **အခိုးအငွေ့။** ကျောက်မိုင်းခွဲရာမှ ထွက်လာသည့်ယမ်းနံ့မှာ ယမ်းသုံးစွဲမှုပမာဏနည်းပါး၍ သိသာသောထိခိုက်မှုမရှိနိုင်ပါ။ ကျောက်ခွဲစက်မှထွက်ရှိလာသည့် ကျောက်မှုန့်ကို ရေဖျန်းခြင်း၊ပတ်ဝန်းကျင်ရှိ လေကာပင်/အရိပ်ရပင်များပေါ်ကျရောက်နေခြင်းနှင့် လူနေအိမ်ခြေများ မှ ဝေးကွာသဖြင့် သိသာသောထိခိုက်မှုမရှိနိုင်ပါ။

၉။ **မြေပုံနှင့်ကားချပ်များ။** အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည် -

(က) ဆောင်ရွက်မည့်လုပ်ငန်း၏ တည်နေရာနှင့်အနီးပတ်ဝန်းကျင်ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်မည့် မြေပုံနှင့်အညွှန်းများ။ နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

(ခ) လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းစွာသိရှိနိုင်မည့် ကားချပ်များနှင့်အညွှန်းများ။ နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။

(ဂ) စွန့်ပစ်ပစ္စည်းများထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းပြတ်သားစွာဖော်ပြသည့် ကားချပ်များနှင့်အညွှန်းများ။ နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြအပ်ပါသည်။

(ဃ) သတ္တုတွင်းဝန်ကြီးဌာန နှင့် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထား၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆)၊၂၀၁၆-၂၀၁၇ လုပ်ငန်းလိုင်စင်မိတ္တူ၊ ပတ်ဝန်းကျင်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ထောက်ခံချက်၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်၊ မြို့နယ်/ခရိုင်မြေစာရင်း၊ မြို့နယ်/ခရိုင်သစ်တောဌာနတို့၏သဘောထား၊ မြို့နယ်ထွေအုပ်၏ ကန့်ကွက်လွှာခေါ်ယူခြင်းမိတ္တူတို့အားနောက်ဆက်တွဲဖြင့် တင်ပြအပ်ပါသည်။

၁၀။ **ကတိကဝတ်**

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါရှိသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများ"**အား ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ဖော်ပြချက်။နောက်ဆက်တွဲ (ဃ) ဖြင့်တင်ပြအပ်ပါသည်။

(ခ) လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များတွင်ပါရှိသည့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် လိုက်နာရမည့် အပိုဒ်များအားဖော်ညွှန်း၍ လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ် ဖော်ပြချက်။ <u>နောက်ဆက်တွဲ(င)</u>ဖြင့်တင်ပြအပ်ပါသည်။

၁၁။ <u>မူဝါဒ၊ ဥပဒေနှင့်မူဘောင်များ</u>

(က) <u>လုပ်ငန်းခွင်ဆိုင်ရာမူဝါဒများ</u>

(၁) အရည်အသွေးပြည့်မီသည့် ကျောက်အမျိုးအစားများကိုထုတ်လုပ်၍ ပြည်နယ်/ခရိုင် / မြို့နယ်အတွင်းရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများသို့ သက်သာသည့်စျေးနှုန်းဖြင့် ရောင်းချရန်နှင့် လုပ်ငန်းအား(SMEs)အထောက်အပံ့ ဖြင့် အဆင့်မြင့်တင်ရန်။

(၂) ပြည်နယ်/ခရိုင်/မြို့နယ်၏ ဓါတ်သတ္တုအခွန်ဘဏ္ဍာငွေများ ပိုမိုရရှိလာစေရန်နှင့် အလုပ်သမားများ/ဒေသခံကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လမ်း၊ တံတားနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက် အကူပြုရန်။

(၃) သဘာဝပတ်ဝန်းကျင်အား သိသာစွာထိခိုက်မှုမရှိစေရေးအတွက် (Stand - alone Environmental Management Plan " သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်") ရေးဆွဲဆောင်ရွက်ရန်။

(ခ) လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်း များနှင့်နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များတွင် လိုက်နာအကောင်းအထည်ဖော်ရမည့် အပိုဒ်များအား ဖော်ပြခြင်း -

(၁) (၂၀၀၈)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။

(၂) (၁၉၀၈)ပေါက်ကွဲစေတတ်သောသတ္တုပစ္စည်းများအက်ဥပဒေ။

(၃) (၁၉၅၁)အလုပ်ရုံများအက်ဥပဒေ။

(၄) (၁၉၄၄)မြန်မာ့သတ္တုတွင်းအက်ဥပဒေ။

(၅) (၂၀၁၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ။

(၆) (၂၀၁၄)ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ။

(၇) (၂၀၁၅)ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း။

(၈) (၂၀၁၅)အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု)လမ်းညွှန်ချက်များ။

(၉) (I.F.C)ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်းများ။

၁၂။ လက်ရှိပတ်ဝန်းကျင်အခြေအနေ

စဉ်	အကြောင်းအရာ	လက်ရှိအခြေအနေ
က	ဆူညံသံ	
	-ဆူညံသံနှင့်တုန်ခါမှု	-အင်ဂျင်စက်သံနှင့်တုန်ခါမှုလျော့နည်းစေရန် ပါဝါအိတ်ဇော တပ်ဆင်သုံးစွဲပါမည်။ -ယမ်းအားကိုနည်းပါးစွာသုံးစွဲခြင်းကြောင့် သိသာသောတုန်ခါမှုမရှိနိုင်ပါ။
ခ	ရေအရည်အသွေး	
	(၁) မြေပေါ်ရေအရည်အသွေး	-တောင်ခြေတွင်ရေတွင်းအချင်း(၄-ပေ)၊ အနက်(၂၀-ပေ) တူးဖော်ထားပြီး လုံလောက်စွာ သောက်သုံးနိုင်ပါသည်။
	(၂) မြေအောက်ရေအရည်အသွေး	-အဝီစိတွင်တူးလျှင် ပေ(၁၀၀)နှင့်အထက်၌တွေ့ရှိနိုင်ပြီး ကောင်းစွာသောက်သုံးနိုင်ပါမည်။
ဂ	လေအရည်အသွေး	
	(၁) လေအရည်အသွေး	-အရည်အသွေးကျဆင်းမှုမရှိနိုင်ပါ။
	(၂) အမှုန်အမွှား	-ရေဖျန်းခြင်း၊ လေကာပင်၊ အရိပ်ရပင်များပေါက်ရောက်နေခြင်း ကြောင့် သိသာသော ထိခိုက်မှုမရှိနိုင်ပါ။
	(၃) အနံ့	-သိသာသောထိခိုက်မှုမရှိနိုင်ပါ။
ဃ	မြေထုအခြေအနေ	
	-မြေအရည်အသွေး	-လုပ်ကွက်ဧရိယာ(၁၀၀ပေ×၂၀ပေ)အတွင်း၌သာထုတ်လုပ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိစေရန်နှင့် မြေဆီလွှာများကို ထိန်းသိမ်းနိုင်ရန်လေကာပင်၊ အရိပ်ရပင်များကို စိုက်ပျိုးသွားမည်ဖြစ်၍ အရည်အသွေးကျဆင်းမှုမရှိနိုင်ပါ။
င	ဂေဟစနစ်	
	(၁) တောတောင်အခြေအနေ	-လုပ်ကွက်ပတ်လည်တွင် ခြုံမြေ၊ ဝါးပင်၊ ခြုံနွယ်ပင်များနှင့် ထင်းပင်များ ပေါက်ရောက်နေပြီး လုပ်ကွက်နှင့် ကားလမ်းကြား တွင် ဝါးပင်များ၊ လေကာပင်၊ အရိပ်ရပင်များ ပေါက်ရောက် နေပါသည်။
	(၂) ဇီဝမျိုးစုံမျိုးကွဲများအခြေအနေ	-တောတောင်ခြုံနွယ်နှင့်လေကာပင်အရိပ်ရပင်များ ရှိသဖြင့် ဂေဟစနစ်ကောင်းမွန်၍ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုရှိပါသည်။
စ	လူမှုပတ်ဝန်းကျင်အခြေအနေ	
	လုပ်ငန်းခွင်အနီးပတ်ဝန်းကျင်ရှိ လူမှုပတ်ဝန်းကျင်အခြေအနေ	-အရှေ့ဘက်/မြောက်ဘက်တွင် ခြုံမြေ၊ဝါးပင်နှင့်ခြုံနွယ်ပင်များ။ -တောင်ဘက်တွင် ခြုံမြေများ။ -အရှေ့တောင်ဘက်တွင် လေကာပင်၊ အရိပ်ရပင်များရှိပြီး အနောက်ဘက်တွင်အဝေးပြေးကားလမ်းရှိပါသည်။ - လူနေအိမ်ခြေများနှင့် (၃)မိုင်ခန့်ဝေးပါသည်။

၁၃။ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ

(က) လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ

(၁) **ဆူညံသံ ။** မီးစက်/ကျောက်ခွဲစက်၏အသံလျော့နည်းစေရန် ပါဝါအိတ်ဇောများ တပ်ဆင်သုံးစွဲပါမည်။ ပတ်ဝန်းကျင်၌ ပေါက်ရောက်နေသော လေကာပင်၊ အရိပ်ရပင်များကြောင့် သိသာသောထိခိုက်မှုမရှိပါ။ အသံပိုမိုထိန်းချုပ်နိုင်စေရန် **လေကာပင်၊ အရိပ်ရပင်များ ထပ်မံစိုက်ပျိုးခြင်းများ ဆောင်ရွက်သွားပါမည်။**

(၂) **တုန်ခါမှု ။** ယမ်းအားကိုနည်းပါးစွာသုံးစွဲသဖြင့် သိသာထင်ရှားသောတုန်ခါမှု ဖြစ်ပေါ်ခြင်းမရှိပါ။

(၃) **ရေအရည်အသွေး**

(ကက) **မြေပေါ်ရေ(ရေတွင်း)။** အချင်း(၄-ပေ)အနက်(၂၀-ပေ)တူးဖော်ထား၍ သောက်သုံးရေအဖြစ် တစ်နေ့လျှင်(၂၀၀)ဂါလံမှ(၃၀၀)ဂါလံအတွင်း (ပြည့်ဖြိုးမြစွမ်းအင်) သုံးစွဲနိုင်ပါသည်။ **သိသာသောရေအရည်အသွေးကို ထိခိုက်မှုမရှိပါ။ ချောင်း/မြစ်များ ဖြတ်သန်းစီးဆင်းမှုမရှိပါ။**

(ခခ) **မြေအောက်ရေ ။** ပေ(၁၀၀)နှင့်အထက်တွင် အဝီစိတွင်းများတူးဖော်၍ သုံးစွဲနိုင်ပါသည်။

(၄) **လေအရည်အသွေး။** လုပ်ငန်းခွင်၏ပတ်လည်တွင် ခြုံနွယ်ပင်များ၊ ဝါးပင်များ၊ ထူထပ်စွာ ပေါက်ရောက်နေခြင်း၊ လေကာပင်၊ အရိပ်ရပင်များ ပေါက်ရောက်နေခြင်းကြောင့် လေအရည်အသွေးထိခိုက်မှုမရှိနိုင်ပါ။

(၅) **မြေထုအခြေအနေ။** လုပ်ကွက်ဧရိယာ(၁၀၀ပေ×၂၀ပေ)အတွင်း၌သာ ထုတ်လုပ်မည်ဖြစ်ပြီး ကျင်းချိုင့်များကို ပြန်လည်ဖုံးဖို့၍ သစ်ပင်များစိုက်ပျိုးသွားမည် ဖြစ်သဖြင့် သိသာသောထိခိုက်မှုမရှိနိုင်ပါ။ **လုပ်ငန်းခွင်အတွင်း ချောင်း/မြောင်းများ ဖြတ်သန်းစီးဆင်းခြင်းမရှိသဖြင့် မြေလွှာကို ရေတိုက်စားခြင်းမရှိပါ။**

(၆) **ဂေဟစနစ်။** လုပ်ကွက်ပတ်လည်တွင် ခြုံနွယ်ပင်များ၊ ဝါးပင်များ၊ ထင်းပင်များ၊ လေကာပင်များရှိပြီး **လေကာပင်နှင့် အရိပ်ရပင်များ ပေါက်ရောက်နေခြင်းနှင့် ကျေးငှက်များ၊ တွားသွားသတ္တဝါများစသည့် ဇီဝမျိုးကွဲများရှိခြင်းကြောင့် ဂေဟစနစ်ကို သိသာစွာထိခိုက်စေခြင်း မရှိနိုင်ပါ။**

(ခ) လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများ အားလျော့နည်းစေရန် ဆောင်ရွက်မည့်အစီအစဉ်များ

စဉ်	အကြောင်းအရာ	ထွက်ရှိမည့်အရင်းအမြစ်	လျော့ချမည့်နည်းလမ်း
က	**ဆူညံသံ**		- ခွဲစက်၊ လမ်းမကြီးနှင့်(၆၀၀)ပေ၊ - လူနေအိမ်ခြေနှင့်(၃)မိုင်ခန့်တွင်ရှိပါသည်။
	-ဆူညံသံနှင့်တုန်ခါမှု	-ကျောက်ခွဲစက် -လေမှုတ်စက်+အင်ဂျင်	- ပတ်ဝန်းကျင်တွင်လေကာပင်၊ အရိပ်ရပင်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် လျော့နည်းမှုရှိပါသည်။
ခ	**ရေစီမံခန့်ခွဲမှု**		
	(၁) မြေပေါ်ရေအရည်အသွေးအပေါ်ထိခိုက်နိုင်မှု (၂) မြေအောက်ရေအရည်အသွေးအပေါ်ထိခိုက်နိုင်မှု	-ရေတွင်း(၄'×၂၀') (၁)တွင်းမှ တစ်ရက်လျှင်ပျမ်းမျှရေဂါလံ (၂၀၀-၃၀၀)နှုန်း၊တစ်လလျှင်(၆၀၀၀)နှုန်း၊တစ်နှစ်လျှင်(၇၂၀၀၀)နှုန်းထွက်ရှိမည်။ အဝီစိတွင်းတူးဖော်သုံးစွဲနိုင်ပါသည်။	- စမ်းသပ်ရရှိမှုကိုတင်ပြပါမည်။ - ထိခိုက်မှုမရှိပါ။ - (ပြည့်ဖြိုးမြစွမ်းအင်)ဖြစ်ပါသည်။ - ပတ်ဝန်းကျင်တွင်လေကာပင်၊ အရိပ်ရပင်များထူထပ်စွာစိုက်ပျိုးသွားပါမည်။
ဂ	**စွန့်ပစ်အရည်စီမံခန့်ခွဲမှု**	-အင်ဂျင်ဝိုင်/မိလ္လာ	- မိလ္လာကန်များ လုံလောက်စွာတူးဖော်သုံးစွဲပါမည်။
ဃ	**ပတ်ဝန်းကျင်လေထုစီမံခန့်ခွဲမှု**		
	(၁) လေအရည်အသွေး (၂) အမှုန့်အမွှား (၃) အနံ့	-မီးစက်/လေမှုတ်စက်အင်ဂျင် -ကျောက်ခွဲစက် -ယမ်းခွဲသည့်အနံ့	- ပါဝါအိတ်ဇောတပ်ဆင်သုံးစွဲခြင်း/ရေဖျန်းခြင်း - လေကာပင်အရိပ်ရပင်များ ထူထပ်စွာ စိုက်ပျိုးခြင်း
င	**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**		
	(၁) စွန့်ပစ်အရည်နှင့်အစိုင်အခဲ (၂) မြေထုညစ်ညမ်းမှု (၃) ရေထုညစ်ညမ်းမှု	-အင်ဂျင်ဝိုင်/မိလ္လာ -မြေစာပုံ/အမှိုက်များ	- မိလ္လာကန်လုံလောက်မှု ရှိသည်။ - အမှိုက်များစနစ်တကျစွန့်ပစ်ပါမည်။
စ	**တောတောင်များဖယ်ရှားခြင်း (သတ္တုကဏ္ဍ)**		
	-မြေစာပုံများထားရှိမှုအခြေအနေ	-မိုင်းခေါင်း အပေါ်ယံမြေလွှာအားဖယ်ရှားပြီးကျောက်ထုတ်လုပ်ခြင်း။	- မြေစာပုံများ သိသာထင်ရှားစွာထွက်ရှိမှု မရှိပါ။
ဆ	**ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု**		
	(၁) စွန့်ပစ်မည့်အစီအစဉ် (၂) သိမ်းဆည်းမည့်အစီအစဉ် (၃) ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးအစီ အစဉ်	-အင်ဂျင်ဝိုင်/မိလ္လာ -မြေစာပုံ -အမှိုက်များ	- မိလ္လာကန်များလုံလောက်စွာထားရှိပါမည်။ - မြေစာပုံနေရာရှိပါသည်။ - စနစ်တကျစွန့်ပစ်ပါမည်။

စဉ်	အကြောင်းအရာ	ထွက်ရှိမည့်အရင်းအမြစ်	လျော့ချမည့်နည်းလမ်း
၉	ဓာတုပစ္စည်းများသုံးစွဲမှု/ထွက်ရှိမှု		
	-ဓာတ်ငွေ့များသုံးစွဲမှု/ထွက်ရှိမှု	-သိသာထင်ရှားမှုမရှိပါ။	-လေကာပင်အရိပ်ရပင်များထူထပ်စွာပေါက်ရောက်နေပါသည်။
၁၀	ဝေဟာစနစ်		
	(၁) တောတောင်အခြေအနေနှင့်ထိခိုက်မှု (၂) ဇီဝမျိုးစုံမျိုးကွဲများ အခြေအနေနှင့်ထိခိုက်မှု (၃) လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှု	-တောတောင်၏ယေဘုယျအမြင့်မှာ(၅)ပေမှ(၁၅)ပေခန့် -ဒေသငှက်များနှင့်တွားသွားတိရစ္ဆာန်များရှိပါသည်။ -လူနေအိမ်ခြေနှင့်(၃)မိုင်ခန့်ကွာဝေးပါသည်။	-လေကာပင်အရိပ်ရပင်များကိုထူထပ်စွာပေါက်ရောက်နေပြီးထပ်မံစိုက်ပျိုးသွားပါမည်။

ရှင်းလင်းချက်။ လုပ်ငန်းစီမံကိန်းအလိုက် အဓိကထွက်ရှိနိုင်မည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်စေသည့် စွန့်ထုတ်ပစ္စည်း၊ (ဆူညံသံ၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့်စွန့်ပစ်ရေဆိုးများ၊ လေအရည်အသွေး၊ အနံ့၊ ဓာတုပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့်နုန်းအနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့်လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်)တို့အားလေ့လာ ဖော်ထုတ်၍ ထွက်ရှိနိုင်သည့်ပမာဏနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ (ထုတ်လွှတ်မှု)အရည်အသွေးလမ်းညွှန်ချက်၊ အခြားလိုက်နာဆောင်ရွက်မည့် စံချိန်စံညွှန်းများပါ ကဏ္ဍအလိုက် တိုင်းတာလျော့ချရမည့် လုပ်ငန်းစဉ်တို့အား လေ့လာသုံးသပ်တင်ပြထားပါသည်။

၁၄။ <u>ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအတိုင်းအတာနှင့် လျော့ချမည့်ပမာဏအား စနစ်တကျ ဆန်းစစ်ဖော်ပြရန်(EQ/E/G)နှင့် (အခြားလိုက်နာဆောင်ရွက်မည့် စံချိန်စံညွှန်းများပါ ကဏ္ဍအလိုက် တိုင်းတာလျော့ချမည့် **Parameter** များနှင့်အညီ)နောက်ဆက်တွဲ(စ)ဖြင့်တင်ပြအပ်ပါသည်။</u>

ထိခိုက်မှု/ထွက်ရှိမှု	မလျော့ချမီ	လျော့ချပြီး
လူနေအိမ်ယာဆူညံသံ(နေ့)	74db – 63db	53db – 43db
လူနေအိမ်ယာဆူညံသံ(ည)	42db – 37db	35db – 25db
ပုံမှန်အားဖြင့် ကျောက်ခွဲစက်သည် ကျိုက်ထို-သိမ်ဇရပ် ကားလမ်းနှင့်(၆၀၀)ပေခန့်ကွာဝေးသဖြင့်ဆူညံသံဖြစ်ပေါ်မှုမှာကုန်ထုတ်လမ်းပေါ်မှမော်တော်ယာဉ်/ဆိုင်ကယ်များ၏သွားလာမှုကြောင့်ဖြစ်ပါသည်။		

၁၅။ <u>ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအား သိသာထင်ရှားစွာထိခိုက်မှုနှင့် သာမန်ထိခိုက်မှုတို့အား စီစစ်ရာတွင် လုပ်ငန်းတစ်ခုခြင်းအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုကို စနစ်တကျဆန်းစစ်ဖော်ပြခြင်း</u>

(က) (စံနှုန်းသတ်မှတ်ချက်)	ထိခိုက်မှုအဆင့်အတန်းသတ်မှတ်ခြင်း
အဆင့် (၁)	အနည်းငယ်ထိခိုက်
အဆင့် (၂)	ဇီဝမျိုးစုံမျိုးကွဲ (သို့မဟုတ်) ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းငယ်ရှိ
အဆင့် (၃)	ပတ်ဝန်းကျင်ထိခိုက်မှုအလယ်အလတ်ရှိ
အဆင့် (၄)	ပတ်ဝန်ကျင်းထိခိုက်မှုကာလအလယ်အလတ်အတွင်းဆိုးရွားစွာထိခိုက်မှုရှိ
အဆင့် (၅)	ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်အပေါ်ရေရှည် အလွန်ဆိုးရွားစွာထိခိုက်မှုရှိ

(ခ) (စံနှုန်းသတ်မှတ်ချက်)	ထိခိုက်မှုအဆင့်အတန်းသတ်မှတ်ခြင်း
အမြဲလိုဖြစ်	(၁)လလျှင်တစ်ကြိမ်မကဖြစ်ပွား
အကြာခဏဖြစ်	(၁)နှစ်လျှင်တစ်ကြိမ်မကဖြစ်ပွား
နေရာကွက်၍ မကြာခဏဖြစ်	(၁)နှစ်နှင့်(၁၀)နှစ်ကြားတွင် တစ်ကြိမ်ခန့်ဖြစ်ပွား
တခါတရံဖြစ်တတ်	(၁၀)နှစ်နှင့်(၁၀၀)နှစ်ကြားတွင် တစ်ကြိမ်ခန့်ဖြစ်ပွား
ဖြစ်ရန်ခက်ခဲ	(၁၀၀)နှစ်ကြားတွင် ဖြစ်ရန်ခက်ခဲ

	ထိခိုက်နိုင်မှုပမာဏသတ်မှတ်ခြင်း				
	အဆင့်(၁)	အဆင့်(၂)	အဆင့်(၃)	အဆင့်(၄)	အဆင့်(၅)
အမြဲလိုဖြစ်					
မကြာခဏဖြစ်					
နေရာကွက်၍မကြာခဏဖြစ်					
တခါတရံဖြစ်တတ်	[redacted]				
ဖြစ်ရန်ခက်ခဲ		[redacted]			

ထိခိုက်မှုအလွန်မြင့်	
ထိခိုက်မှုမြင့်	
အလယ်အလတ်ထိခိုက်မှုရှိ	
ထိခိုက်မှုမရှိသလောက်နည်း	[redacted]

ဆူညံသံ	[redacted]
ရေဆိုးစွန့်ထုတ်မှု	
မြေထုညစ်ညမ်းမှု	
ရေထုညစ်ညမ်းမှု	

၁၆။ <u>ဘေးအန္တရာယ်ရှိလုပ်ငန်းများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးလေ့ကျင့်သင်ကြားမှုအစီအစဉ်</u>

(က) ဂမ်းထိုး/မိုင်းခွဲခြင်း။ Mineing Engineer နှင့်အတူ ပူးတွဲ၍လုပ်ငန်းခွင်ဝင်ရောက်ပြီး လေ့ကျင့်သင်ကြားပေးပါမည်။

(ခ) ကျောက်ထုခြင်း။ ကျွမ်းကျင်သူနှင့်အတူ ပူးတွဲ၍လုပ်ငန်းခွင်ဝင်ရောက်ပြီး လေ့ကျင့်သင်ကြားပေးပါမည်။

(ဂ) ကျောက်ခွဲစက်လုပ်ငန်း။ ကျွမ်းကျင်သူနှင့်အတူ ပူးတွဲ၍လုပ်ငန်းခွင်ဝင်ရောက်ပြီး လေ့ကျင့် သင်ကြားပေးပါမည်။

၁၇။ **အရေးပေါ်ဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရွက်မည့်အစီအစဉ်**

(က) **လုပ်ငန်းခွင်ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်။ နောက်ဆက်တွဲ(ဆ)**။

(ခ) **မီးဘေးလုံခြုံရေးစီမံချက်။ နောက်ဆက်တွဲ(ဇ)။**

၁၈။ **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း**

(က) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအထောက်အကူပြုခေါင်းဆောင်များ၊ အသက်အရွယ်ကြီးရင့်၍ အတွေ့အကြုံရှိသူများနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းတွင် (သို့မဟုတ်) လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် (၃)လတစ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး ပြည်သူများ၏ ဆန္ဒကို ဖော်ထုတ်စေပြီး မှတ်ပုံတင်စာအုပ်ထားရှိသွားပါမည်။

(ခ) ကျေးရွာမှကိုးကွယ်ဆည်းကပ်သော ဘုန်းတော်ကြီးနှင့်အခါအားလျော်စွာ တွေ့ဆုံလျှောက်ထားပြီး ပတ်ဝန်းကျင်၏ သဘောဆန္ဒကို ဖော်ထုတ်စေပါမည်။

(ဂ) အမှန်တကယ်ထိခိုက်ခံစားရသည့် ဒေသခံပြည်သူများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကြံပြုချက်၊ လိုလားတောင်းဆိုချက်များအား မေးမြန်းစုံစမ်းပြီး အရေးယူဆောင်ရွက် ပေးနိုင်မှုအခြေအနေကို မှတ်ပုံတင်စာအုပ်ဖြင့် ဆောင်ရွက်ထားပါမည်။

၁၉။ **စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ရန်ပုံငွေလျာထားချက်**

(က) **ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုမှု။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများ လျော့နည်းစေရန် လက်ရှိထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးသက်ရောက်မှုရှိမရှိ သုံးသပ်ဆောင်ရွက်ရန်။

(ခ) **စောင့်ကြပ်ကြည့်ရှုရန်သတ်မှတ်ချက်များ**

(၁) အသံ

(၂) စွန့်ပစ်ပစ္စည်း

(၃) ပတ်ဝန်းကျင်လေထု

(၄) ပတ်ဝန်းကျင်ရေထု

(၅) တောတောင်အခြေအနေ

(၆) ဇီဝမျိုးကွဲများအခြေအနေ

(၇) လူမှုပတ်ဝန်းကျင်အခြေအနေ

(ဂ) **<u>စောင့်ကြပ်ကြည့်ရှုမည့် (Parameter)</u>**

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မွန်ပြည်နယ်)။

(၂) ကျေးရွာအုပ်ချုပ်ရေးမှူး၏ကိုယ်စားလှယ်။

(၃) အစိုးရမဟုတ်သောအဖွဲ့အစည်း၏ကိုယ်စားလှယ်။

(၃) လုပ်ငန်းမန်နေဂျာ။

(ဃ) **<u>သုံးစွဲမည့်ရန်ပုံငွေ။</u>** လုပ်ငန်းဆောင်ရွက်မှုမှ အသားတင်အမြတ်၏(၂%)အား အောက်ဖော်ပြပါအတိုင်း သုံးစွဲသွားပါမည် -

စဉ်	လုပ်ငန်းစဉ်များ	%
၁။	ဘာသာ၊ သာသနာနှင့်ဆိုင်သော လုပ်ငန်းစဉ်များ	၂၀
၂။	ကျန်းမာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်များ	၂၀
၃။	ဒေသန္တရ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ	၂၀
၄။	ပညာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်များ	၂၀
၅။	ဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုလုပ်ငန်းစဉ်များနှင့် လုပ်သားများ၏ ကလေးသူငယ်များပညာရေးအတွက် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း	၂၀
	စုစုပေါင်း(အသားတင်အမြတ်မှ ၂ %)	၁၀၀

၂၀။ **<u>အဖွဲ့အစည်းနှင့် ရန်ပုံငွေလျာထားချက်။</u>** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အားအကောင်အထည် ဖော်ဆောင်ရွက်ရန်သုံးစွဲမည့် ခန့်မှန်းအသုံးစရိတ်အတွက် (၁)နှစ်လျှင်ထုတ်လုပ်ရန် လျာထားသည့် ကျောက်ကြီး(ကျင်း-၂၀၀၀)(အသားတင်အမြတ်မှ၂%)(ခန့်မှန်းလျာထားချက်=၂၀၀၀x၂% =၈၀၀၀၀/-) ဖြစ်ပါသည်။ အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် (၁)သိန်းကျပ်လျာထားပြီး အောက်ဖော်ပြပါ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြင့် သုံးစွဲသွားပါမည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မွန်ပြည်နယ်)။

(ခ) ကျေးရွာအုပ်ချုပ်ရေးမှူး၏ကိုယ်စားလှယ်။

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်း၏ကိုယ်စားလှယ်။

(ဃ) လုပ်ငန်းမန်နေဂျာ။

၂၁။ <u>အထွေထွေ။</u>

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ ဦးမောင်မောင်-မိသားစုတစ်ပိုင်တစ်နိုင် **လမ်းခင်းကျောက်မျိုးစုံထုတ်လုပ်သွားမည့်လုပ်ငန်း၏ Stand - alone Environmental Management Plan သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်** အား မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ **ဒုတိယညွှန်ကြားရေးမှူး၊** ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

<u>ပူးတွဲပါ</u> - နောက်ဆက်တွဲ(က)မှ(ပ)အထိ

"လေးစားစွာဖြင့်"

ဦးမောင်မောင် (၁၃/တကန(နိုင်)၁၃၀၇၂၃)
မိသားစုတစ်ပိုင်တစ်နိုင်ကျောက်ထုတ်လုပ်ငန်း
ဖုန်း - ၀၉ ၇၇၇၆၈၆၉၇၇ / ၀၉ ၅၀၀၇၄၀၁

ရက်စွဲ။ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ(   )ရက်
နေရာ။ ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်။

<u>**ဖြန့်ဝေခြင်း**</u>

- ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။
- ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။
- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံမြို့။
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုက်ထိုမြို့။
- လက်ခံ။

မွန်ပြည်နယ်

သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ

ဦးမောင်မောင် – မိသားစုတစ်ပိုင်တစ်နိုင်

လမ်းခင်းကျောက်မျိုးစုံထုတ်လုပ်ခြင်းလုပ်ငန်း၏

Stand - alone Environmental Management Plan

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်

မှ

နောက်ဆက်တွဲတင်ပြခြင်းများ

နောက်ဆက်တွဲ(က) - လုပ်ငန်း၏တည်နေရာနှင့်အနီးပတ်ဝန်းကျင်များကိုတင်ပြခြင်း

နောက်ဆက်တွဲ(ခ) - လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

နောက်ဆက်တွဲ(ဂ+၁) - စွန့်ပစ်ပစ္စည်းများထွက်ရှိမှုနှင့်စွန့်ထုတ်မည့်လုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(ဂ+၂) - လုပ်ငန်းခွင်၏ပတ်ဝန်းကျင်ရှိ လေကာပင်၊ အရိပ်ရပင်များနှင့်
- ရေဆိုးစွန့်(မိလ္လာ)နေရာ

နောက်ဆက်တွဲ(ဂ+၃) - လုပ်ငန်းခွင်မြင်ကွင်း၊ သောက်သုံးရေတွင်းနှင့်ပတ်ဝန်းကျင်ရှိ လေကာပင်အရိပ်ရပင်များ

နောက်ဆက်တွဲ(ဃ) - ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ဖော်ပြချက်

နောက်ဆက်တွဲ(င) - လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များတွင် ပါရှိသည့်လုပ်ငန်းခွင်နှင့် သက်ဆိုင်သည့် လိုက်နာရမည့်အပိုဒ်များအား ဖော်ညွှန်း၍ လိုက်နာရမည် ဖြစ်ကြောင်း ကတိကဝတ်ဖော်ပြချက်

နောက်ဆက်တွဲ(စ) - လုပ်ငန်းခွင်ဆူညံသံ(နေ့/ည)တိုင်းတာခြင်း ဓါတ်ပုံမှတ်တမ်း

နောက်ဆက်တွဲ(ဆ) - လုပ်ငန်းခွင်ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစီမံချက်

နောက်ဆက်တွဲ(ဇ) - မီးဘေးလုံခြုံရေးစီမံချက်

နောက်ဆက်တွဲ(ဈ) - လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း(၂၀၁၆-၂၀၁၇)တွင်ပါရှိသည့် ထောက်ခံချက်များ

(၁) အနားလေးရပ်ထောက်ခံချက်များ

(၂) ကျေးရွာကော်မတီ(၃)ရပ်၏ ထောက်ခံချက်

(၃) ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(၄) မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ထောက်ခံချက်

(၅) မြို့နယ်ကော်မတီ(၄)ရပ်၏ ထောက်ခံချက်

(၆) မြို့နယ်/ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၏ ထောက်ခံချက်

(၇) မြို့နယ်/ခရိုင်သစ်တောဦးစီးဌာန၏ ထောက်ခံချက်

နောက်ဆက်တွဲ(ည) - သတ္တုတွင်းဦးစီးဌာန၏ သဘောထားမှတ်ချက်


နောက်ဆက်တွဲ(ဋ) - ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းလိုင်စင်မိတ္တူ

နောက်ဆက်တွဲ(ဌ) - မြေစာရင်းပုံစံ(၁၀၅/၁၀၆)

နောက်ဆက်တွဲ(က-၁)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ လူလေအပြင်ကွင်း၊အကွက်အမှတ်(94)မြေရိယာ(၅၅)ကေမှထုတ်နှုတ်(၂)ကေတွင်လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ဦးမောင်မောင် – မိသားစု၏ တစ်ပိုင်တစ်နိုင်ကျောက်ထုတ်လုပ်ငန်းဖော်ပြချက်မြေပုံ

လုပ်ငန်း၏တည်နေရာနှင့်အနီးပတ်ဝန်းကျင်များကိုတင်ပြခြင်း



ရှင်းလင်းချက်

(၁) ကျောက်ထုတ်လုပ်ကွက်

(၂) အရှေ့ဘက်နယ်နိမိတ်-

-ဦးလှစိုး၏ခြံမြေ

(၃) တောင်ဘက်နယ်နိမိတ် -

-ဦးနေလင်းစိုး၏ခြံမြေ

(၄) အနောက်ဘက်နယ်နိမိတ် -

-ဦးရွှေသောင်း၏ခြံမြေ

(၅) မြောက်ဘက်နယ်နိမိတ် -

-ဦးအောင်မင်း၏ခြံမြေ

(၆) ကျောက်ခွဲစက်တည်နေရာ

(၇) ကျောက်စုပုံကွင်း

(၈) သောက်သုံးရေတွင်း

(၉) စွန့်ပစ်ပစ္စည်းများနေရာ

လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

အဆင့်(၁) - မိုင်းခေါင်းရှင်းလင်းခြင်းနှင့်မြေစာများစုပုံခြင်း။

အဆင့်(၂) - ကျောက်အပြာများကိုဂမ်းထိုး/မိုင်းခွဲခြင်း

အဆင့်(၃) - မိုင်းခွဲပြီးကျောက်တုံးကြီးများကို ကျောက်ထုလုပ်သားများဖြင့်

(၆×၉/၂×၄)အရွယ်အစားရရှိစေရန် ထုရိုက်ခြင်း။

အဆင့်(၄) - ပြင်ပသို့ရောင်းချခြင်း။ (သို့မဟုတ်)

ကျောက်ခွဲစက်သို့ ကျောက်သယ်ယာဉ်ဖြင့် ပို့ဆောင်ခြင်း။

အဆင့်(၅) - ကျောက်ခွဲစက်၌ကြိတ်ခွဲခြင်းနှင့်

(၁×၂/ချီပင်/တော်ပင်)ကျောက်များထွက်ရှိလာခြင်း။

အဆင့်(၆) - ပြင်ပသို့ရောင်းချခြင်း။

စွန့်ပစ်ပစ္စည်းများထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်များ


စဉ်	စွန့်ပစ်ပစ္စည်းများ	ထွက်ရှိမှု	စွန့်ထုတ်မည့်လုပ်ငန်းစဉ်
၁	အစိုင်အခဲ	-အပေါ်ယံမြေလွှာ -တောင်မြေ	သုံးစွဲပြီးလုပ်ကွက်၌ဖို့ခြင်း ကျေးရွာလမ်း၊ နေအိမ်ရှေ့၌ မြေဖို့ခြင်း
၂	အရည်	-အင်ဂျင်ဝိုင် -မိလ္လာ	-ရေနံကြီးနှင့်ရောစပ်၍လုပ်သားတန်းလျား အကာနှင့်တိုင်ခြေများတွင်သုံးစွဲသည် -လုံးချင်းအိမ်သာ(၅)လုံးအတွက်မိလ္လာကန် များလုံလောက်စွာစနစ်တကျတူးဖော်သွား ပါမည်။
၃	အခိုးအငွေ့	-ယမ်းနံ့ -ကျောက်မှုန့်	-သိသာထင်ရှားမှုမရှိသလောက်နည်းပါး ပါသည်။ -လုပ်သားများအား နှာခေါင်းအစွပ် Mask ဖြင့်သုံးစွဲစေပါမည်။ -ပတ်ဝန်းကျင်တွင်(အသံ/အနံ့/မြေလွှာ/ ရေထု)တို့အား သိသာစွာအကျိုးပြုနိုင်သည့် လေကာပင်အရိပ်ရပင်များပေါက်ရောက် နေပါသည်။

ဦးမောင်မောင် – မိသားစု၏ တစ်ပိုင်တစ်နိုင်
ကျောက်ထုတ်လုပ်ငန်းခွင်အတွင်းရှိ ကျောက်ခွဲစက်/အလုပ်သမားနေအိမ်များနှင့်
ပတ်ဝန်းကျင်ရှိ လေကာပင် အရိပ်ရပင်များ






လုပ်ငန်းခွင်ရှိရုံးခန်းနှင့် လုပ်သားများသုံးစွဲရန်အိမ်သာ





ဦးမောင်မောင် – မိသားစု၏ တစ်ပိုင်တစ်နိုင် ကျောက်ထုတ်လုပ်ငန်းခွင်ဆောင်ရွက်ထားရှိမှု အခြေအနေ





သောက်သုံးရေတွင်း

လုပ်ငန်းခွင်ရှေ့မျက်နှာစာနှင့် စိုက်ပျိုးသားသည့် လေကာပင်အရိပ်ရပင်များ





နောက်ဆက်တွဲ(ဃ)

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါရှိသည့်
"ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများ"
အား ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ဖော်ပြချက်

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာရှိ ဧရိယာ(၅၅)ဧကမှ ထုတ်နှုတ်(၂.၀)ဧကေ၌ ဦးမောင်မောင် မှ (မိသားစုတစ်ပိုင်တစ်နိုင်) လမ်းခင်းကျောက်မျိုးစုံထုတ်လုပ်ခြင်း လုပ်ငန်း၏ **Stand-alone Environmental Management Plan** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး **စီမံချက်**အား မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလျက် တင်ပြအပ်ပါသည်။

"လေးစားစွာဖြင့်"

ဦးမောင်မောင် (၁၃/တကန(နိုင်)၁၃၀၇၂၃)
မိသားစုတစ်ပိုင်တစ်နိုင်ကျောက်ထုတ်လုပ်ငန်း
ဖုန်း - ၀၉ ၇၇၇၆၈၆၉၇၇ / ၀၉ ၅၀၀၇၄၀၀

ရက်စွဲ။ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ( )ရက်
နေရာ။ ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်

နောက်ဆက်တွဲ(င)

လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များတွင်ပါရှိသည့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် လိုက်နာရမည့် အပိုဒ်များအားဖော်ညွှန်း၍ လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ဖော်ပြချက်

လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များတွင်ပါရှိသည့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် လိုက်နာရမည့် အောက်ဖော်ပြပါ ဥပဒေ/နည်းဥပဒေညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလျှက် တင်ပြအပ်ပါသည်-

(၁) (၂၀၀၈)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ။

(၂) (၁၉၀၈)ပေါက်ကွဲစေတတ်သောသတ္တုပစ္စည်းများအက်ဥပဒေ။

(၃) (၁၉၅၁)အလုပ်ရုံများအက်ဥပဒေ။

(၄) (၁၉၄၄)မြန်မာ့သတ္တုတွင်းအက်ဥပဒေ။

(၅) (၂၀၁၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ။

(၆) (၂၀၁၄)ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ။

(၇) (၂၀၁၅)ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း။

(၈) (၂၀၁၅)အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု)စံချိန်စံညွှန်း။

(၉) (I.F.C)ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်းများ။

"လေးစားစွာဖြင့်"

ဦးမောင်မောင် (၁၃/တကန(နိုင်)၁၃၀၇၂၃)
မိသားစုတစ်ပိုင်တစ်နိုင်ကျောက်ထုတ်လုပ်ငန်း
ဖုန်း - ၀၉ ၇၇၇၆၈၆၉၇၇ / ၀၉ ၅၀၀၇၄၀၁


ရက်စွဲ။ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ(   )ရက်


နေရာ။ ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်

နောက်ဆက်တွဲ(စ)


ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအတိုင်းအတာနှင့်လျော့ချမည့်ပမာဏအား စနစ်တကျဆန်းစစ်ဖော်ပြရန် (EQ/E/G) နှင့် (အခြားလိုက်နာဆောင်ရွက်မည့် စံချိန်စံညွှန်းများပါ ကဏ္ဍအလိုက် တိုင်းတာလျော့ချမည့် Parameter များ) အားတိုင်းတာခြင်း


လုပ်ငန်းခွင်ဆူညံသံ(နေ့)





လုပ်ငန်းခွင်ဆူညံသံ(ည)





မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာမှ ဦးမောင်မောင် – မိသားစုတစ်ပိုင်တစ်နိုင် ကျောက်ထုတ်လုပ်ငန်း၏ လုပ်ငန်းခွင်ထိခိုက်မှုဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်

နိဒါန်း

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ လူလေအပြင်ကွင်း၊ အကွက်အမှတ်(၉၄)၊ (ကျန်အခြားမြေ)၊ မြေဧရိယာ(၅၅)ဧကမှထုတ်နုတ်(၂)ဧကတွင် ဦးမောင်မောင်(မိသားစု-တစ်ပိုင်တစ်နိုင်)လမ်းခင်းကျောက်မျိုးစုံထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားသည့် လုပ်ငန်းခွင်ထိခိုက်မှုဘေးအန္တရာယ်ကာကွယ်ရေးစီမံချက် ဖြစ်ပါသည်။

မြေနေရာအခြေအနေ

၂။ ကျောက်ထုတ်လုပ်ကွက်သည် ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထို-သိမ်ဇရပ်လမ်းမကြီး၏အရှေ့ဘက်၊ မိုင်တိုင်အမှတ်(၈၅/၂)အနီးတွင်တည်ရှိပြီး ကျိုက်ထိုမြို့၏မြောက်ဘက်(၂၅)မိုင်ခန့်အကွာ၊ သိမ်ဇရပ်၏အရှေ့ဘက်(၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ လုပ်ငန်းခွင်နှင့် နယ်နိမိတ်ထိစပ်နေသူများမှာ အရှေ့ဘက်၌ ဦးလှစိုး ၏ခြံမြေ၊ တောင်ဘက်၌ ဦးနေလင်းစိုး၏ခြံမြေ၊ အနောက်ဘက်၌ ဦးရွှေသောင်း ၏ခြံမြေနှင့် မြောက်ဘက်၌ ဦးအောင်မင်း ၏ခြံမြေများ တည်ရှိပါသည်။

လုပ်ငန်းခွင်အခြေအနေ

၃။ ကျောက်ထုတ်လုပ်ငန်းကို အလျား(၁၀၀)ပေခန့်၊ အနံ(၂၀)ပေခန့် အတွင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်သူ(မန်နေဂျာ)တစ်ဦး၊ ယာဉ်မောင်း(၄)ဦး၊ စက်မောင်း(၅)ဦး၊ ဂမ်းထိုး/ မိုင်းခွဲကျွမ်းကျင်သူ(၁)ဦး၊ ကျောက်ထုလုပ်သား(၅)ဦး၊ (ကျား-၅+ မ-၂)စုစုပေါင်း(၂၂)ဦးတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောက်စုပုံကွင်းအတွက် မြေနေရာ(၂)ဧကရှိပြီး ကုန်ထုတ်လမ်းကို ကျိုက်ထို-သိမ်ဇရပ် ချဉ်းကပ်လမ်းအားအသုံးပြုသွားမည် ဖြစ်ပါသည်။ လုပ်သားများနေထိုင်မည့် နေအိမ်တန်းလျား၊ စက်ပစ္စည်းများနေရာ၊ ကွပ်ကဲမှုရုံး/ ရှင်းလင်းဆောင်၊ ရေ/မီး/မိလ္လာနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ နေရာချထားမှုအတွက် မြေနေရာလုံလောက်မှုရှိပါသည်။ လုပ်ငန်းခွင်တောင်နံရံမှာ အမြင့်ပေ(၁၀')အတွင်း၌သာရှိခြင်း၊ တောင်နံရံပြိုကျနိုင်သော မြေသားဖွဲ့စည်းမှုမရှိခြင်း၊ တောင်မြေတွင် သဘာဝခြုံနွယ်နှင့် ဝါးပင်များသာပေါက်ရောက်နေခြင်း၊ လုပ်ငန်းခွင်၏ပတ်ဝန်းကျင်တွင် လေကာပင်၊ အရိပ်ရပင်များ၊ ဝါးဝင်များ ပေါက်ရောက်နေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိ၍ လုပ်ငန်းခွင်အကြပ်အတည်းကြောင့် ပေါ်ပေါက်လာမည့် အန္တရာယ်မရှိပါ။ လုပ်ငန်းခွင်အတွင်း၌ အောက်ပါဖော်ပြပါအတိုင်းစီမံထားရှိပါသည်-

(က) **ဂမ်းထိုး/မိုင်းခွဲ/ကျောက်ထုလုပ်ငန်း။** အလုပ်ချိန်နံနက်(၀၆း၀၀)နာရီမှ (၁၀း၀၀) နာရီအထိ နှင့် ညနေ(၁၄း၀၀)နာရီမှ(၁၈း၀၀)နာရီအထိဖြစ်ပြီး အလုပ်ချိန်အတွင်း၌ လုပ်ငန်းခွင်ပင်ပန်းနွမ်းနယ်မှုအပေါ် မူတည်၍ ခေတ္တအနားပေးစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊

ရာသီဥတုပူပြင်းချိန်တွင် လိုအပ်သလိုအနားပေးခြင်းအပြင် အရိပ်ရပင်၊ လေကာပင်များ ရှိခြင်း၊ သောက်သုံးရေ၊ အိမ်သာလုံလောက်စွာ ရှိနေသဖြင့် လုပ်ငန်းခွင်၏ ပင်ပန်းမှုကြောင့် ပေါ်ပေါက်လာနိုင်သော အန္တရာယ်မရှိပါ။

(ခ) **<u>လုပ်ငန်းခွင်သုံးစက်ကိရိယာများ။</u>** ယန္တရားနှင့် လေမှုတ်စက်၊ ဂမ်းထိုးစက်၊ မီးစက်တို့ကို ကိုင်တွယ်သုံးစွဲသူများသည် ကျွမ်းကျင်သူများဖြစ်ကြသဖြင့် စက်ကိရိယာများကို မကျွမ်းကျင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်မရှိစေရန်ဆောင်ရွက်သွားပါသည်။

(ဂ) **<u>ကျောက်မိုင်းခွဲချိန်။</u>** နံနက်ပိုင်း(၁၁း၀၀)နာရီမှ (၁၂း၀၀)နာရီအတွင်းနှင့် ညနေပိုင်း(၁၇း၀၀) နာရီမှ (၁၈း၀၀)နာရီအတွင်း သတ်မှတ်ပြီး မိုင်းမခွဲမီ ရှေ့နောက်ဝဲယာကိုက်(၃၀၀)အတွင်း၌ လက်ကိုင်အသံချဲ့စက်ဖြင့် ကြိုတင်နှိုးဆော်အသိပေးခြင်း၊ ဘေးအန္တရာယ်မဖြစ်နိုင်စေရန် ယမ်းအားကို(အနည်းဆုံး)သုံးစွဲခြင်း၊**"လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဦးစားပေးပါ"** Safety First သတိပေးဆိုင်းဘုတ်များထားရှိ ဆောင်ရွက်သွားပါသည်။

(ဃ) **<u>လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ပွန်းပဲ့ဒဏ်ရာရရှိမှု။</u>** ရှေ့ဦးသူနာပြုစု စောင့်ရှောက်နိုင်ရန်အတွက် အရေးပေါ်သုံးဆေးသေတ္တာတစ်လုံးကို ဆေးပစ္စည်းများနှင့် အတူ အသင့်ထားရှိပြီး တာဝန်ရှိသူများ ကြီးကြပ်သူများကို ရှေ့ဦးသူနာပြုဆိုင်ရာ ဗဟုသုတ များ လေ့ကျင့်သင်ကြားပေးသွားပါသည်။

(င) **<u>အရေးပေါ်ထိခိုက်မှု။</u>** ကျေးရွာဆေးပေးခန်း (သို့မဟုတ်) မြို့ပေါ်ရှိဆေးရုံများသို့ ကျေးရွာရှိလူနာတင်ယာဉ်ဖြင့် ပို့ဆောင်ကုသနိုင်ပါသည်။

<u>လုပ်ငန်းစီမံချက်</u>

၄။ လုပ်ငန်းခွင်အတွင်း၌ အလုပ်ခွင်နှင့်ပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင် စီမံချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပါသည်။

<u>ကျောက်ထုတ်လုပ်ငန်းတာဝန်ချိန်</u>

(၁) ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်နေချိန်တွင် ယန္တရားနှင့် လေမှုတ်စက်၊ ဂမ်းထိုးစက် စသည့်ပစ္စည်းများကို ကျွမ်းကျင်သူမှသာ ကိုင်တွယ်၍သတ်မှတ်ထားရှိပြီး ကျွမ်းကျင်သူမှ အပ မည်သူ့ကိုမှ ကိုင်တွယ်ခြင်းမပြုလုပ်စေပါ။

(၂) ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ ကြီးကြပ်သူကိုယ်တိုင်ကွင်းဆင်းစစ်ဆေးခြင်း လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ကျောက်ဆောင်မှကျောက်သားထုကွဲအက် နေခြင်း၊ လှုပ်ရှားနေခြင်းရှိ/မရှိ စစ်ဆေးပြီးမှသာ လုပ်ငန်းခွင်သို့ဝင်ရောက်လုပ်ကိုင် စေပါမည်။

(၃) ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်နေစဉ် ကျောက်ထုလုပ်သားများသည် ဘေးအန္တရာယ် မကျရောက်နိုင်သည့်နေရာတွင်သာ ဆောင်ရွက်စေပြီး ဘေးအန္တရာယ်ကျရောက်ထိခိုက်မှုမရှိစေရန် ကြီးကြပ်သူအားကြပ်မတ်စေပါမည်။

(၄) ကျောက်ထုတ်လုပ်ငန်းခွင်၏ သတ်မှတ်ဧရိယာအတွင်းသို့ ပြင်ပမှလူ/ယာဉ်/တိရစ္ဆာန် စသည်ဖြင့်မည်သူမှ ဝင်ရောက်ခြင်းမပြုနိုင်ရန် ကြီးကြပ်သူအားကြပ်မတ်စေပါမည်။

(၅) ကျောက်မိုင်းခွဲခြင်းပြုလုပ်သည့်အချိန်ကို နံနက်ပိုင်းတွင်(၁)ကြိမ်(၁၁း၀၀)နာရီမှ(၁၂း၀၀) နာရီအတွင်း၌လည်းကောင်း၊ညနေပိုင်းတွင်(၁)ကြိမ်(၁၇း၀၀)နာရီမှ(၁၈း၀၀)နာရီအတွင်း ၌လည်းကောင်းဆောင်ရွက်စေပြီ မဆောင်ရွက်မီ(၁၅)မိနစ်ကြိုတင်၍ အချက်ပေးခရာ မှုတ်ခြင်း၊ အော်ဟစ်အသိပေးခြင်း၊ လက်ကိုင်အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်းဆောင်ရွက် စေပြီး ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် ကိုက်(၁၀၀)ခန့်နေရာ၌ လူ/ယာဉ်/ တိရစ္ဆာန်များကို(ယာယီ)တားဆီးခြင်းဆောင်ရွက်ပြီးမှ မိုင်းခွဲစေပါမည်။

<u>ဝန်ခံချက်</u>

၅။ ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်ရာ၌ ကျောက်ထုတ်လုပ်ငန်းတာဝန်ခံမှ အုပ်ချုပ်မှု/စီမံခန့်ခွဲမှု/ သက်သာချောင်ချိမှု/ကျန်းမာရေးစောင့်ရှောက်မှုများအပြင် ရွှေ့ပြောင်းလုပ်သားများအတွက် နေထိုင်ရန်ကိစ္စ၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောမိလ္လာစနစ်အသုံးပြုနိုင်ရေးနှင့် လုပ်သားများ၏သားသမီးများ အတွက် ပညာရေးကျန်းမာရေး စောင့်ရှောက်မှုများအပြင် အခါအားလျော်စွာ သင့်လျော်သောနေရာသို့ အပန်းဖြေနိုင်ရန်နှင့် ဘုရားဖူးနိုင်ရန်ပို့ဆောင်ပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

"လေးစားစွာဖြင့်"

ဦးမောင်မောင် (၁၃/တကန(နိုင်)၁၃၀၇၂၃)
မိသားစုတစ်ပိုင်တစ်နိုင်ကျောက်ထုတ်လုပ်ငန်း
ဖုန်း - ၀၉ ၇၇၇၆၈၆၉၇၇ / ၀၉ ၅၀၀၇၄၀၁

ရက်စွဲ။ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ( )ရက်
နေရာ။ ကျောက္ကလပ်ကျေးရွာ၊ ဘျိုက်ထိုမြို့နယ်

မီးဘေးလုံခြုံရေးစီမံချက်

သတင်း

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ လူလေအပြင်ကွင်း၊ အကွက်အမှတ်(၉၄)၊ (ကျန်အခြားမြေ)၊ မြေဧရိယာ(၅၅)ဧကမှထုတ်နုတ်(၂)ဧကတွင် ဦးမောင်မောင်(မိသားစု-တစ်ပိုင်တစ်နိုင်)လမ်းခင်းကျောက်မျိုးစုံထုတ်လုပ်ခြင်းလုပ်ငန်း၌ မီးဘေးလုံခြုံရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏လမ်းညွှန်ချက်။

ရည်ရွယ်ချက်

၂။ ကျိုက်မြို့နယ်၊ ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထို-သိမ်ဇရပ် ကားလမ်းမကြီး၏ အရှေ့ဘက်၊ မိုင်တိုင်အမှတ်(၈၅/၂)အနီးရှိ ဦးမောင်မောင်(မိသားစု-တစ်ပိုင်တစ်နိုင်)ကျောက်ထုတ်လုပ်ငန်း၌ အရေးပေါ်မီးလောင်မှုဖြစ်စဉ် ပေါ်ပေါက်လာခဲ့ပါက အလွယ်တကူလျှင်မြန်စွာဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်။

လုပ်နည်း

၃။ ဦးမောင်မောင်(မိသားစု-တစ်ပိုင်တစ်နိုင်)ကျောက်ထုတ်လုပ်ငန်း၌ မတော်တဆ/ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရန်နှင့် အရေးပေါ်မီးလောင်မှုဖြစ်စဉ် ပေါ်ပေါက်လာခဲ့ပါက အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **"ပုံမှန်အခြေအနေ"** ၌ဆောင်ရွက်ရန်။

(ခ) **"အရေးပေါ်အခြေအနေ"** ၌ဆောင်ရွက်ရန်။

၄။ **"ပုံမှန်အခြေအနေ" ၌ဆောင်ရွက်ရန်။** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။-

(က) ကျောက်မိုင်းလုပ်ငန်းသုံး ယမ်းပစ္စည်းများကို မတော်တဆပေါက်ကွဲမှုမရှိစေရန် စနစ်တကျသိုလှောင်ခြင်း၊ သုံးစွဲခြင်းပြုလုပ်ရပါမည်။ [ယမ်းစိမ်း+ကန့်+မီးသွေး+ဝါယာကြိုးမာ+နီခရိုးဝါယာ(အားကူးကြိုး)]လုပ်ငန်းသုံးယမ်းနှင့်ဆက်စပ်ပစ္စည်းများ(လျှောက်ထားဆဲ)။

(ခ) အမှိုက်များကိုအမှိုက်ကျင်းထဲထည့်၍ (လူစောင့်ပြီး)မီးရှို့ရမည်။

(ဂ) မီးသတ်ရေကန်၊သဲ၊မီးချိတ်၊ မီးကတ်၊ မီးသတ်ဆေးဘူးများကို အလွယ်တကူသုံးစွဲနိုင်ရန် အသင့် ထားရှိရမည်။

(ဃ) ဟောင်းနွမ်း၍ပေါက်ပြဲနေသော လျှပ်စစ်မီးကြိုးများကို အသစ်လဲလှယ်သုံးစွဲရမည်။

(င) နေ့အချိန်၌(မိန်းချ)၍ လျှပ်စစ်မီးသုံးစွဲမှုကို ဖြတ်တောက်ထားရမည်။

၅။ **"အရေးပေါ်အခြေအနေ" ၌ဆောင်ရွက်ရန်။** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(က) **မီးငြိမ်းသတ်ရေးအဖွဲ့များကို စုဖွဲ့ထားခြင်း**

(၁) **အဖွဲ့(၁)ခေါင်းဆောင်** - မန်နေဂျာ/လုပ်သားကြီးကြပ်ရေးတာဝန်ခံနှင့် ခွဲစက်လုပ်သားများအားလုံး။

(၂) **အဖွဲ့(၂)ခေါင်းဆောင်** - မိုင်းခွဲကျောက်ထုတာဝန်ခံနှင့်ကျောက်ထုလုပ်သားများအားလုံး။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးရုံး
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
စာအမှတ်၊ ၁၅၅ /ကက ၇/ ၂၀၁၇
ရက်စွဲ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

သို့

ဦးမောင်မောင်
လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း
ကျောက်ကလပ်ကျေးရွာ၊ကျိုက်ထိုမြို့နယ်

အကြောင်းအရာ။ သဘောထားမှတ်ချက်အကြောင်းပြန်ကြားခြင်း

ရည်ညွှန်းချက် ။ ဦးမောင်မောင် ကျောက်ထုတ်လုပ်ငန်း၏ (၃၁.၁၀.၂၀၁၆)ရက်စွဲပါတင်ပြစာ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦးမောင်မောင် ၏လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးတင်ပြလာမှုအပေါ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသဘောထားမှတ်ချက်ပေးနိုင်ရေးအတွက် မွန်ပြည် နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနမှ (၃.၁၁.၂၀၁၆) ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကွင်းဆင်းစစ်ဆေးချက်ပုံစံအား ပူးတွဲ ပေးပို့ပါသည်။

၂။ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ပူးတွဲပါကွင်းဆင်းစစ်ဆေးချက်ပုံစံတွင် ပါဝင်သော အပုဒ်(၂၃)ပါပြုပြင်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ပြီးစီးအောင်လိုက်နာဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များနှင့် အညီသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊နေပြည်တော်သို့အစီရင်ခံစာရေးသားတင်ပြရန်နှင့် ၎င်းအစီရင်ခံစာနှင့်ပတ်သက်၍ဝန်ကြီးဌာန၏ညွှန်ကြားချက်များအတိုင်းဆက်လက်လိုက်နာ ဆောင်ရွက်မည်ဆိုပါက ဦးမောင်မောင် ၏လမ်းခင်းကျောက်ထုတ်လုပ်ခွင့်အားဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း သဘောထားမှတ်ချက်ပြုအကြောင်းကြားပါသည်။

(စိုးနိုင်)
ဒုတိယညွှန်ကြားရေးမှူး

မိတ္တူကို
ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မော်လမြိုင်မြို့
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
မြို့နယ်အုပ်ချုပ်ရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုက်ထိုမြို့
ရုံးလက်ခံ/မျှောစာတွဲ

U WIN TUN

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(မွန်ပြည်နယ်)

ကျောက်ထုတ်လုပ်မှုလုပ်ငန်းနှင့်ပတ်သက်၍ကွင်းဆင်းစစ်ဆေးမှုအခြေအနေ

၁။	ကွင်းဆင်းစစ်ဆေးသည့်ရက်စွဲ	-၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ (၃) ရက်
၂။	ကွင်းဆင်းစစ်ဆေးသည့်အကြောင်းအရင်း	- ကျောက်ထုတ်လိုင်စင်လျှောက်ထားရန်အတွက် သဘောထားမှတ်ချက်ပြန်ကြားပေးရန်
၃။	စက်ရုံ/လုပ်ငန်းအမည်	- ဦးမောင်မောင် လမ်းခင်းကျောက်ထုတ်လုပ်ရေး
၄။	လုပ်ငန်းအမျိုးအစား	-လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း
၅။	လုပ်ငန်းအရွယ်အစား	-မြေဧရိယာ(၂)ဧက
၆။	ပိုင်ရှင်အမည်/ မန်နေဂျာအမည်	- ဦးမောင်မောင်
၇။	စက်ရုံ/လုပ်ငန်း၏အကြောင်း	
	(က) တည်ဆောက်သည့်ခုနှစ်/လ/ရက်	- ၂၀၁၅ ခုနှစ်
	(ခ) မြေဧရိယာအကျယ်အဝန်း	- (၂)ဧက
	(ဂ) အဆောက်အဦအကျယ်အဝန်း	- (၅၀'×၁၉') ၃လုံး၊(၄၀'×၂၀') ၁လုံး၊(၅၀'×၂၀') ၁လုံး
	(ဃ) အဆောက်အဦအမျိုးအစား	- RC ၊ သွပ်မိုး
	(င) စက်ရုံ/လုပ်ငန်း၏ပတ်ဝန်းကျင် အခြေအနေ	-အရှေ့ဘက်တွင်ဦးလှစိုး(ရာဘာခြံ)၊တောင်ဘတ်၊ အနောက်ဘတ်နှင့်မြောက်ဘက်တို့တွင် ဦးမောင်မောင်၏ ရာဘာခြံ တို့တည်ရှိပါသည်။
	(စ) စက်ရုံ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ	-ကွင်းအမှတ်(၉၄)၊ လူလေကွင်း၊ ကျောက္ကလပ် ကျေးရွာအုပ်စု၊ကျိုက်ထိုမြို့နယ်
၈။	စစ်ဆေးရသည့်အကြောင်းအရင်း	
	(က) ပုဂ္ဂလိကလုပ်ငန်းမှတ်ပုံတင်ခြင်း/ လိုင်စင်သက်တမ်းတိုးခြင်း	- လိုင်စင်မှတ်ပုံတင်ရန်လျှောက်ထားခြင်းဖြစ်ပါသည်။
	(ခ) ပုဂ္ဂလိကလုပ်ငန်းမှတ်ပုံတင်ခြင်းဖြစ်လျှင်	- ပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ စစ်ဆေးရန်
	(ဂ) လိုင်စင်သက်တမ်းတိုးခြင်းဖြစ်လျှင်	-

၁၃။ ကုန်ချော

(က) ကုန်ချောထွက်ရှိမှုပမာဏ	- တစ်နှစ်လျှင် ကျောက်ကျင်းပေါင်း(၈၀၀)
(ခ) ကုန်ချောသိုလှောင်ထားရှိမှု	- လုပ်ကွက်အတွင်း၌စုပုံထားရှိပါမည်။
(ဂ) တင်ပို့ရောင်းချမှုအခြေအနေ	- မွန်ပြည်နယ်အတွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံသို့ရောင်းချပါမည်။

၁၄။ စွန့်ပစ်ပစ္စည်း

(က) စွန့်ပစ်ပစ္စည်းအမျိုးအစားများ	- စွန့်ပစ်မြေစာများ
(ခ) အစိုင်အခဲထွက်ရှိလျှင် ပမာဏ	- စွန့်ပစ်မြေစာများအသင့်အတင့်ထွက်ရှိပါသည်။
(ဂ) အရည်ထွက်ရှိလျှင် ပမာဏ	- မရှိ
(ဃ) အနံ့ထွက်ရှိမှုအခြေအနေ	- အနည်းငယ်ထွက်ရှိပါသည်။
(င) ဆူညံသံထွက်ရှိမှုအခြေအနေ	- မိုင်းခွဲချိန်နှင့် ကျောက်ကြိတ်ခွဲချိန်များတွင် ဆူညံသံထွက်ရှိနိုင်ပါသည်။
(စ) အခိုးအငွေ့ထွက်ရှိမှုအခြေအနေ	- စက်မောင်းခြင်းမှအနည်းငယ်ထွက်ရှိပါသည်။
(ဆ) စွန့်ပစ်ရေများကိုထားရှိမှုစနစ်	- မရှိပါ။
(ဇ) စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သည့်စနစ်	-စွန့်ပစ်ပစ္စည်းများဖြစ်သောမြေစာများအားလမ်းမြေဖို့ခြင်းနှင့်လုပ်ငန်းခွင်အတွင်းရှိချိုင့်ဝှမ်းများအားမြေဖို့ခြင်းလုပ်ငန်းများတွင်ပြန်လည်အသုံးပြုပါမည်။
(ဈ) စွန့်ပစ်ရေကိုပြန်လည်သန့်စင်သည့်စနစ်	-မရှိပါ။

၁၅။ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု	- မိုင်းခွဲရာမှထွက်ရှိလာသော အခိုးအငွေ့များနှင့် အနံ့ အသက်များကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ် စေပြီး ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသည်။
၁၆။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထားရှိမှုအခြေအနေ	-မရှိပါ။
၁၇။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထားခြင်းရှိပါက တင်ပြရန်	- မရှိပါ။

၁၈။ ဝန်ထမ်းများအတွက်ဆောင်ရွက်ထားရှိမှု

(က) လူမှုရေး	- ဝန်ထမ်းများ၏ သာရေး၊ နာရေးကိစ္စရပ်များ တွင်ကူညီဆောင်ရွက်ပေးသည်ဟုသိရှိရပါသည်။
(ခ) ကျန်းမာရေး	-ကျန်းမာရေးမကောင်းပါကအခမဲ့ဆေးကုသပေး ခြင်း၊လုပ်ငန်းခွင်အတွင်းဆေးဝါးများထားရှိပေး ခြင်းများ ဆောင်ရွက်ပေးထားသည်ဟုသိရှိရပါ သည်။
(ဂ) စီးပွားရေး	- အခြားစီးပွားရေးလုပ်ငန်းများအားဆောင်ရွက် ပေးထားခြင်းမတွေ့ရှိရပါ။
(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေး	-နာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်နှင့် လုံခြုံရေးဦးထုပ်များတပ်ဆင်ပေးသွားမည်ဖြစ် ပြီးမိုင်းခွဲချိန်သက်မှတ်၍ပတ်ဝန်းကျင်အားအသိ ပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်းသိရှိရ ပါသည်။

၁၉။ မီးဘေးအန္တရာယ်ကာကွယ်ထားရှိမှုစနစ် -မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ရေးဆွဲ ထားရှိမည်ဖြစ်ပြီးစီမံချက်ပါအတိုင်းလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

၂၀။ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ

ပြဋ္ဌာန်းထားရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။

၂၁။ စစ်ဆေးတွေ့ရှိချက်များ

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) လုပ်ငန်းတည်နေရာသည် မြေလွတ်မြေရိုင်းကျောက်သားမြေဖြစ်၍ လယ်ယာစိုက်ပျိုးခြင်းမပြုနိုင်သောမြေဖြစ်ပြီးဘေးပတ်ဝန်းကျင်နေရာတို့၌ရာဘာပင်များစိုက်ပျိုးထားခြင်း၊ဝါးပင်များနှင့်အနိမ့်ပင်ခြုံနွယ်များပေါက်ရောက်နေကြောင်းတွေ့ရှိရပါသည်။

(ခ) လိပ်သဲကျောက် ထုတ်လုပ်ခြင်း နှင့် ခြံစိုက်ပျိုးရန်အတွက် စက်ယန္တရားများဖြစ်သော Dozer(၂)စီး၊Backhole(၃)စီး၊သယ်ယူပို့ဆောင်ရေးယာဉ်(၅)စီးနှင့်လုပ်သားအင်အား(၁၇)ဦးတို့ ဖြင့်ဆောင်ရွက်နေကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

(ဂ) လုပ်ငန်းတည်နေရာ၏ ပတ်ဝန်းကျင်တွင်ယခင်ကဆောင်ရွက်ခဲ့သော လိပ်သဲကျောက်ထုတ်လုပ်မှုကြောင့်တွင်းကြီးများ ၊ ချိုင့်ကြီးများဖြစ်ပေါ်ကာမိုးရာသီတွင်ရေဝပ် နေမှုကြောင့်ကျောက်ထုတ်လုပ်မှုရပ်ဆိုင်းထားရကြောင်းပြောကြားချက်အရသိရှိရပါ သည်။

(ဃ) လမ်းခင်းကျောက်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ဂန်းထိုး၊ ယမ်းခွဲခြင်းလုပ်ငန်းတွင် မိုင်းပညာကျွမ်းကျင်သူများမဟုတ်ဘဲ၊ လုပ်ငန်းအတွေ့အကြုံရှိသူကိုသာ တာဝန်ပေးထားကြောင်း ၊ နောင်တစ်ချိန်တွင် မိုင်းကျွမ်းကျင်ပညာရှင် အားခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုင်းဆက်စပ်ပစ္စည်းများဖြစ်သည့် ကန့်၊ မီးသွေး၊ ယမ်းစိမ်းတို့ကို ပြင်ပမှ ဝယ်ယူသုံးစွဲကြောင်း ပြောကြားချက်အရ သိရှိရပါသည်။

(င) လမ်းခင်းကျောက်ထုတ်လုပ်မှုကို အဆိုပြုလာသော လုပ်ငန်းရှင် ဦးမောင်မောင်၏ ကျောက်ထုတ်လုပ်မှုပမာဏမှာ တစ်နှစ်လျှင်ကျောက်ကျင်းပေါင်း(၂၈၀၀) ခန့်ဖြင့် ထုတ်လုပ်ခွင့်ရရှိသည့် ဧရိယာမှာ (၂) ဧကဖြစ်ကြောင်းသိရှိရပါသည်။ ထုတ်လုပ်မှုလိုင်စင်လျှောက်ထားသောဧရိယာမှာမိုင်းတွင်းဟောင်းဖြစ်ပြီးယခင်က တူးဖော် ထားသော ချိုင့်ကြီးများ ဖြစ်ပေါ် နေကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

(စ) စစ်ဆေးစဉ်အတွင်း ကျောက်ထုတ်လုပ်သည့် မြေနေရာတွင် လုပ်ငန်းဆောင်ရွက်နေမှုမရှိသော်လည်း ယခင်ကျောက်ထုတ်လုပ်မှုကြောင့် ထွက်ရှိလာသော ကျောက်များအား လမ်းခင်းထားကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

(ဆ) လိပ်သဲကျောက်ထုတ်လုပ်သည့် လုပ်ငန်းနေရာတွင် မူရင်းမြေသားမှ လိပ်သဲကျောက်နေရာအထိခန့်မှန်း(၁၀)ပေခန့်ရှိပြီးတူးဖော်မည့်ဧရိယာ(၂)ဧကသာလျှောက်ထား သော်လည်းစက်ယန္တရားများဖြင့် တူးဖော်ထုတ်လုပ်မည်ဖြစ်၍ ခွင့်ပြုဧရိယာ ထက်ကျော်လွန်နိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထို့အပြင်တူးဖော်သည့် ဧရိယာအသစ်ရှိအပေါ်ယံမြေများကိုရှင်းလင်း၍တူးဖော်ခြင်းကြောင့်အနီးရှိသစ်ပင်ကြီးများ၊ဝါးပင်များနှင့် အပင်ငယ်ခြုံနွယ်ပင်များ ပျက်ဆီးဆုံးရှုံးနိုင်ကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

(ဇ) ဒေသခံ လူမှုအဖွဲ့အစည်းများအား ပြန်လည်တာဝန်ယူဆောင်ရွက်မည့် (CSR - Corporate Social Responsibility) လုပ်ငန်းများအား ဆောင်ရွက်ထားကြောင်း ပြောကြားချက်အရ သိရှိရသော်လည်း အထောက်အထားတစ်စုံတစ်ရာမပြနိုင်ကြောင်း၊ အမှတ်တံဖိုင်၌လည်းတင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

(ဈ) ဒေသဖွံ့ဖြိုးရေးလမ်းခင်းပေးရန်အတွက် ပတ်ဝန်းကျင်ရှိရာဘာခြံပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းဆဲဖြစ်ပြီးအနီးနားမှ ဘုန်းကြီးကျောင်းအားပြန်လည်ပြုပြင် ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်းပြောကြားချက်အရသိရှိရပါသည်။

(ည) လိပ်သဲကျောက်ထုတ်လုပ်သည့်နေရာတွင် လတ်တလောအခြေအနေ၌ ကျောက်ထုတ်လုပ်ရေးလုပ်သားများနေထိုင်သည့်လူနေအိမ်အနည်းငယ်သာရှိပြီးလုပ်ငန်းလည်ပတ်ချိန်၌ကျောက်ထုတ်လုပ်သားများအတွက်သက်သာချောင်ချိရေး၊ကျန်းမာရေး၊လူမှုရေးလုပ်ငန်းများကိုလည်းလုပ်ငန်းရှင်မှအဆင်ပြေအောင်ကြိုတင်စီမံထားကြောင်းပြောကြားချက်အရသိရှိရပါသည်။

၂၂။ သုံးသပ်တင်ပြချက်များ

(က) တွင်းကြီး၊ချိုင့်ကြီးများဖြစ်အောင်တူးဖော်ခြင်းသည်သဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုခင်း ပသာဒနှင့်မြေဆီလွှာတည်မြဲမှု(Soil Profile)၊ထိခိုက်မှုများအားများဖြစ်ပေါ်စေပြီးနိုး စပ်ဓာတုဗေဒဓာတ်ရာအာ ရှိ...

